တရားမဆိုင်ရာ(စီရင်ချက်ပုံစံ)၁၃၁

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## ၂၀၁၈ ခုနှစ် တရားမအယူခံမှုအမှတ် ၆၉၇

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ ၂၀၁၆ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၅၅၁ တွင်ချမှတ်သည့် ၂၀၁၈ ခုနှစ်၊ ဇွန် လ ၁၅ ရက်စွဲပါ စီရင်ချက် နှင့် ဒီကရီအပေါ် အယူခံမှု

ဦးစံဂျေးကူးမား နှင့် ဦးကျော်ဝင်း
(၎င်း၏အခွင့်ရကိုယ်စားလှယ်ဦးကျော်စိုးမိုး)

**လျှောက်ထားသူ** **လျှောက်ထားခံရသူ**

လျှောက်ထားသူအတွက် - ဦးတင်မောင်ကြီး ၊ တရားလွှတ်တော်ရှေ့နေ
လျှောက်ထားခံရသူအတွက်- ဦးစိန်လှ ၊ တရားလွှတ်တော်ရှေ့နေ

## စီရင်ချက်

ရက်စွဲ၊၂၀၁၉ခုနှစ်၊ ဇွန် လ ၂၉ ရက်

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး ၂၀၁၁ခုနှစ် တရားမကြီးမှုအမှတ် ၁၂၀၉ တွင် ဦးစံဂျေးကူးမားမှဦးကျော်ဝင်း နှင့် ဦးကျော်စိုးမိုးတို့အပေါ် မတ်ပဲဘိုးငွေကျပ် ၁၇၃၁၃၄၀၀၀ ရလိုမှုစွဲဆိုရာ ချေလွှာမတင်မီဦးကျော်စိုးမိုးအပေါ်ခြွင်းချက်မရှိ အမှုရုပ်သိမ်းခွင့်ပြုပြီးနောက် အမှုအား စရိတ် နှင့် တကွ ပလပ်သည်။ ယင်းဒီကရီကို ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်သို့ ၂၀၁၆ ခုနှစ် တရားမအယူခံမှု အမှတ် ၅၅၁ ဖြင့် အယူခံဝင်ရောက်ရာ ဦးစံဂျေးကူးမားသည် ဦးကျော်ဝင်း၊ အုပ်ချုပ်မှုဒါရိုက်တာအဖြစ် ပါဝင်သည့် K.B Intrnational Co.,Ltd ထံမှ မတ်ပဲဘိုးကျန်ငွေကျပ် ၁၇၃၁. ၃၄သိန်းကိုရထိုက်ခွင့်ရှိကြောင်း ဒီကရီချမှတ်သည်။

အဆိုလွှာတွင် ဦးကျော်ဝင်းသည် K.B International Company ၏အုပ်ချုပ်မှု ဒါရိုက်တာဖြစ်ပြီး ဦးကျော်စိုးမိုးသည် ဒါရိုက်တာဖြစ်ကြောင်း၊ ၂၀၀၈ ခုနှစ် ပဲရာသီတွင် ဦးကျော်ဝင်း နှင့် တရားလိုတို့သည် ပဲအမျိုးအစားဈေးနှုန်းအရေအတွက် အရည်အသွေးညှိနှိုင်းပြီး ဦးကျော်စိုးမိုးက K.B International Company အမည်ဖြင့် ပဲများဝယ်ယူခဲ့ကြောင်း၊ ၂၀၀၈ ခုနှစ်အောက်တိုဘာလကုန်ပိုင်းတွင် ပဲဖိုးငွေများမပေးနိုင်သဖြင့် ပဲအရောင်းအဝယ်ကိစ္စများကြီးကြပ်ဖြေရှင်းရေးကော်မတီက အဆင့် ၃ ဆင့်ဖြင့် ရှင်းလင်းပေးပြီးနောက် ရရန်ကျန်ရှိသည်ငွေအတွက် ပေးအပ်စေလိုသည့် ဒီကရီချမှတ်ပေးရန် ဖော်ပြထားသည်။

ဦးကျော်ဝင်းက ပဲအရောင်းအဝယ်ကို လူပုဂ္ဂိုလ်အနေနှင့်အရောင်းအဝယ်ပြုလုပ်ခြင်း မဟုတ်ဘဲ K.B International Co.,Ltd ၏ အကျိုးစီးပွားအတွက် အရောင်းအဝယ်ပြုခြင်းသာဖြစ်ကြောင်း၊ ကုမ္ပဏီကို တရားမစွဲဘဲ အုပ်ချုပ်မှုဒါရိုက်တာကိုအမည်တပ်၍စွဲဆိုခွင့်မရှိကြောင်း အရောင်းအဝယ်ပြုလုပ်ရာတွင် ဝယ်သူအဖြစ်ကုမ္ပဏီဒါရိုက်တာ ဦးကျော်စိုးမိုးက ကုမ္ပဏီတံဆိပ်တုံးအမှတ်အသား ရိုက်နှိပ် ချုပ်ဆိုခြင်းဖြစ်ကြောင်း၊ ကြီးကြပ်ရေးကော်မတီတွင် ဖြေရှင်းစဉ်က K.B International Co.,Ltd ၏ ကိုယ်စားရေးထိုးခဲ့ခြင်းသာဖြစ်ကြောင်း ချေပထားသည်။

မူလ အနောက်ပိုင်းအနောက်ပိုင်းခရိုင်တရားရုံးက တရားလို၏အဆိုလွှာခေါင်းစဉ်းတွင် တရားပြိုင်အဖြစ်ဦးကျော်ဝင်းကို ဖော်ပြတရားစွဲဆိုခဲ့ကြောင်း၊ တရားလိုတောင်းဆိုသည့် မတ်ပဲဘိုးကျန်ငွေသည် တရားလို နှင့် တရားပြိုင်တို့ ပါဝင်သော ကေဘီအင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်တို့ချုပ်ဆို အရောင်းအဝယ်ပြုခဲ့ခြင်းမှ ပေါ်ပေါက်လျက်ရှိသောကြောင့် ပုဂ္ဂိုလ်ရေးအရ ဦးကျော်ဝင်းအမည်ဖြင့် စွဲဆိုခွင့်ရှိမည်မဟုတ်ဟု သုံးသပ်ပြီး တရားပြိုင် နှင့် လူပုဂ္ဂိုလ်ချင်း ပဲအရောင်းအဝယ်ကိစ္စများကိုပြုလုပ်ခဲ့ခြင်းမရှိသဖြင့် တရားလို၏အမှုကို ပလပ်ခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က New Blaze Co.,Ltd က K.B International Co.,Ltd ထံမှမတ်ပဲဖိုးရရန်ကျန်ငွေကျပ် ၁၇၃၁. ၃၄သိန်းရှိကြောင်း ပေါ်ပေါက်ချက်ကို မူလရုံးတရားပြိုင်ဘက်မှ ငြင်းဆိုချက်မရှိသကဲ့သို့ အယူခံတွင်လည်း ကုမ္ပဏီအချင်းချင်းရရန်ကြွေးမြီ ပေါ်ပေါက်မှုရှိသည်ကို ထည့်သွင်းတင်ပြလျှောက်ထားသည့်ဖြစ်၍ ဦးစံဂျေးကူးမားသည် ဦးကျော်ဝင်းထံမှ ပုဂ္ဂိုလ်ရေးအရ ရပိုင်ခွင့်မရှိသော်လည်း K.B International Co.,Ltd ထံမှစွဲဆိုသည့်အတိုင်း ရထိုက်ခွင့်ရှိကြောင်းသုံးသပ်ကာအယူခံမှုကိုတစ်စိတ်တစ်ဒေသခွင့်ပြုပြီး ဦးစံဂျေးကူးမားကဦးကျော်ဝင်းအုပ်ချုပ်မှုဒါရိုက်တာအဖြစ်ပါဝင်သည့် K.B International Co.,Ltdထံမှမတ်ပဲဘိုးကျန်ငွေကျပ်၁၇၃၁. ၃၄ သိန်းကို ရထိုက်ခွင့်ရှိကြောင်း ဒီကရီချမှတ်သည်။

အယူခံတရားလို၏ တရားလွှတ်တော်ရှေ့နေက ဦးကျော်ဝင်းအပေါ် စွဲဆိုသည့်အမှုမှာ ပဲအရောင်းအဝယ်ကိစ္စများကြီးကြပ်ဖြေရှင်းရေးကော်မတီ၏ရှေ့တွင် ပြုလုပ်ခဲ့သော ၂၃-၅-၂၀၀၉ ရက်စွဲပါ တတိယအဆင့်သဘောတူညီချက်တွင် ပါရှိသည့်ကျန်ငွေကိုရလိုကြောင်း စွဲဆိုခြင်းဖြစ်ကြောင်း သဘောတူညီချက်ပေးရန်ရှိသူနေရာတွင် ဦးကျော်ဝင်း K.B International Co.,Ltd ဟုလည်း ဝန်ခံကတိပြုလက်မှတ်ရေးထိုးခဲ့ကြောင်း၊ ကုမ္ပဏီချင်းဆောင်ရွက်မှုဖြစ်၍ ကုမ္ပဏီထံမှသာရရန်ရှိကြောင်း ဆုံးဖြတ်ချက်မှာ ဥပဒေအရ လွဲမှားနေကြောင်း မြန်မာပိုင်ကုမ္ပဏီများအက်ဥပဒေပုဒ်မ ၉၀ အရ ကုမ္ပဏီကိုယ်စား စာချုပ်ချုပ်ဆိုပါက လူပုဂ္ဂိုလ်တစ်ဦးကို စာဖြင့်ရေးသားခန့်အပ်ရပြီး ကုမ္ပဏီ၏ကိုယ်ပိုင်တံဆိပ် ရိုက်နှိပ်ပြီး အခွင့်အာဏာပေးအပ်ရကြောင်း၊ လူအမည်နောက်တွင် ကုမ္ပဏီအမည်ရိုက်နှိပ်ဖော်ပြထားခြင်းကို ကုမ္ပဏီချင်းဆောင်ရွက်ကြောင်း သုံးသပ်ဆုံးဖြတ်ခြင်းမှာ မှားယွင်းပါကြောင်း၊ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေပုဒ်မ ၈၈(၁)အရကုမ္ပဏီကိုယ်စားဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ဟု ယူဆနိုင်ရန် ကုမ္ပဏီ၏စာဖြင့် ရေးသားခန့်အပ်တာဝန်ပေးထားပြီး ကုမ္ပဏီတံဆိပ်ရိုက်နှိပ်ထားသည့်တာဝန်လွှဲအပ်ကြောင်းစာကို မူလရုံးတွင် တင်ပြထားရမည်ဖြစ်ကြောင်း၊ မူလရုံးအမှုတွဲရှိသက်သေခံစာချုပ်စာတမ်းများတွင် ကုမ္ပဏီကိုယ်စားကုမ္ပဏီအတွက်ဟု ရေးသားဖော်ပြထားခြင်းမရှိကြောင်း၊ မူလရုံးဒီကရီ နှင့် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်တို့၏ ဒီကရီများကို ပယ်ဖျက်ပြီး တရားပြိုင်က တရားလိုသို့ ပေးအပ်စေသည့်ဒီကရီချမှတ်ပေးရန်လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်၏ တရားလွှတ်တော်ရှေ့နေက တရားလို နှင့် K.B International Co.,Ltd ၏ ဒါရိုက်တာဦးကျော်စိုးမိုးတို့ ချုပ်ဆိုခဲ့ကြသည့် အရောင်းအဝယ်စာချုပ်များမှရရန် ကျန်ငွေအပေါ် စွဲဆိုသည့် အမှုဖြစ်ကြောင်း အဆိုပါအရောင်းအဝယ်စာချုပ်အရ ပဲဖိုးငွေကိုပဲအရောင်းအဝယ်ကိစ္စများကြီးကြပ်ရေးကော်မတီရှေ့တွင် ၃ ရစ်ဖြင့်ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း၊တတိယအဆင့် သက်သေခံ-က သဘောတူညီချက်စာချုပ်မှာ ပဲဖိုးကြွေးကျန်ငွေကိုသာ ဖော်ပြခြင်းဖြစ်သောကြောင့် အရစ်ကျပေးချေသည့်စာချုပ်ချုပ်ဆိုရုံမျှဖြင့်လူပုဂ္ဂိုလ်အချင်းချင်းကြွေးကျန်ငွေအဖြစ် ပြောင်းလဲမှတ်ယူရန်မဖြစ်နိုင်ကြောင်း၊ K.B International Co.Ltd အနေဖြင့် ကုမ္ပဏီအတွက် ကုမ္ပဏီ၏အုပ်ချုပ်မှုဒါရိုက်တာဦးကျော်ဝင်း နှင့် ဈေးစကားပြောကာ ကုမ္ပဏီ၏ဒါရိုက်တာဦးကျော်စိုးမိုး နှင့် စာချုပ်ချုပ်ဆိုအရောင်းအဝယ်ပြုလုပ်ခြင်းမှာ ကုမ္ပဏီများအက်ဥပဒေပုဒ်မ ၈၈(၁) နှင့် ညီညွတ်ကြောင်း၊ ယင်းဥပဒေပုဒ်မ ၉၀ သည် နိုင်ငံပြင်ပတွင် ကုမ္ပဏီ၏ကိုယ်စားစာချုပ်များပြုလုပ်ပါက လိုက်နာရန်နည်းလမ်းဖြစ်သည့်အတွက် ယခုအမှုဖြစ်ရပ်နှင့် သက်ဆိုင်ခြင်းမရှိကြောင်း၊ ကုမ္ပဏီတစ်ခု၏မန်နေဂျင်းဒါရိုက်တာ၊ဒါရိုက်တာများ နှင့် အခြားပြင်ပလူများလုပ်ကိုင်ဆောင်ရွက်ခြင်းမှာ ကုမ္ပဏီ နှင့် ဆက်သွယ်လုပ်ကိုင်ခြင်းသာဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ကြောင်း**ပြည်ထောင်စုမြန်မာနိုင်ငံကုန်လမ်းသယ်ယူပို့ဆောင်ရေးအဖွဲ့နှင့် ပြည်သူ့အကျိုးဆောင်ကုမ္ပဏီလီမိတက် အမှု**[၁] တွင် ညွှန်ပြထားကြောင်း၊ ယခုအမှုဖြစ်ရပ်တွင် ကုမ္ပဏီအနေ နှင့် ဆက်သွယ်လုပ်ကိုင် ခြင်းဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ကြောင်း၊ ပုဒ်မ ၉၀ ပါ ပြဋ္ဌာန်းချက်သည် နိုင်ငံပြင်ပတွင်ဆောင်ရွက်သည့်အခါဆောင်ရွက်ရန်နည်းလမ်းဖြစ်၍ယခုအမှု နှင့် သက်ဆိုင်ခြင်းမရှိကြောင်း၊ တိုင်းဒေသကြီးတရားလွှတ်တော်က ကုမ္ပဏီကို ကိုယ်စားပြုဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သုံးသပ်ပြီး တရားမျှတစေရန် ရည်ရွယ်ပြီး ချမှတ်ခဲ့ခြင်းဖြစ်၍ အယူခံကို ပလပ်ပေးရန် လျှောက်လဲတင်ပြသည်။

အယူခံတရားလိုသည်အမှုတွင် အမှုသည်အဖြစ်ပါဝင်ခြင်းမရှိသည့် K.B International Co.,Ltd ထံမှ ရထိုက်ခွင့်ရှိသည်ဆိုသော စီရင်ချက် နှင့် ဒီကရီသည် ဥပဒေ နှင့် ညီညွတ်ခြင်းရှိမရှိ စိစစ်သုံးသပ်ရန်ဖြစ်သည်။

မူလရုံးအမှုတွဲစိစစ်ကြည့်ရှုရာဦးစံဂျေးကူးမား၏ New Blaze Co.,Ltd သည် တရားပြိုင် အမှတ်-၁ ဦးကျော်ဝင်း နှင့် တရားပြိုင်အမှတ်-၂ ဦးကျော်စိုးမိုးတို့အပေါ်မတ်ပဲဖိုးငွေကျပ်သိန်း ၁၇၃၁၃၄၀၀၀ ရလိုမှုစွဲဆိုသည်။ ဦးကျော်ဝင်းသည် K.B International Co.,Ltd မှ အုပ်ချုပ်မှုဒါရိုက်တာဖြစ်ပြီး ဦးကျော်စိုးမိုးသည် ဒါရိုက်တာဖြစ်သည်။ K.B International Co.,Ltd က ပေးရန်ရှိသည့် ပဲဖိုးငွေများအတွက် နိုင်ငံတော်ကဖွဲ့စည်းပေးသော ပဲအရောင်းအဝယ်ကိစ္စများကြီးကြပ်ဖြေရှင်း ရေးကော်မတီက အဆင့် ၃ဆင့် ဖြင့် ဖြေရှင်းပြီးသည့်နောက် ဦးစံဂျေးကူးမား၏ New Blaze Co.,Ltd က ရရန်ကျန်ငွေအပေါ် စွဲဆိုခြင်းဖြစ်ကြောင်း အငြင်းမပွားပေါ်ပေါက်သည်။

အဆိုလွှာအပိုဒ် ၁ တွင် အောက်ပါအတိုင်း အဆိုပြုဖော်ပြထားသည်-

" ၁။ တရားလိုသည်ပဲအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သည်ကုမ္ပဏီတစ်ခုဖြစ်ပါသည်။
(၁)တရားပြိုင်သည် K.B International Co.,Ltd ၏အုပ်ချုပ်မှုဒါရိုက်တာဖြစ်ပြီး (၂) တရားပြိုင်သည်ဒါရိုက်တာတစ်ဦးဖြစ်ပါသည်။တရားလို နှင့် တရားပြိုင်ဦးကျော်ဝင်း၊ ဦးကျော်စိုးမိုးတို့သည် လွန်ခဲ့သော ၂နှစ်ခန့်ကစ၍ တစ်ဦး နှင့် တစ်ဦးပဲမျိုးစုံရောင်းဝယ်ဆက်ဆံလာခဲ့ရာ ဈေးစကားပြောဆိုသည့်အခါတွင်(၁)တရားပြိုင်ကပြောဆိုလေ့ရှိပြီးအရောင်းအဝယ်စာချုပ်ချုပ်ဆိုသည့်အခါတွင်(၂)တရားပြိုင်နှင့်ချုပ်ဆိုလေ့ရှိကြ

[၁] ၁၉၆၇ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၄၈၄ (တရားလွှတ်တော်ချုပ်)

ပါသည်။ ”

အဆိုလွှာအပိုဒ် ၃ တွင် အောက်ပါအတိုင်းအဆိုပြုဖော်ပြထားသည်-

“၃။ တရားလိုက ရောင်းသူအဖြစ် နှင့် တရားပြိုင်ကုမ္ပဏီက ဝယ်သူအဖြစ်ပဲအရောင်းအဝယ်လုပ်ငန်းကို ဆောင်ရွက်ခဲ့ရာ ၂၀၀၈ ခုနှစ် အောက်တိုဘာလကုန်ပိုင်းတွင် တရားပြိုင်ကုမ္ပဏီသည်ပဲဖိုးငွေများကို မပေးချေနိုင်သည့် အခြေအနေသို့ဆိုက်ရောက်ခဲ့သည်အထိဖြစ်ပါသည်။××××××ကော်မတီသည်တရားပြိုင်ကုမ္ပဏီထံမှ ရရန်ရှိသောမြီရှင်များအားလုံး နှင့် ကြွေးမြီစာရင်း၊တရားပြိုင်ကုမ္ပဏီ၏ပိုင်ဆိုင်သည့်ငွေကြေး နှင့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းအရပ်ရပ်ကို အသေးစိတ်စာရင်းကောက်ယူ၍ကော်မတီမှမြီရှင်တရားလိုအား×××××××အချိုးမျှတစွာခွဲဝေပေးခဲ့ပါသည်။”

အဆိုလွှာတွင် တရားပြိုင်၏အမည်မှာဦးကျော်ဝင်း၊ ဦးကျော်စိုးမိုးဟုဖော်ပြသော်လည်း တရားမကျင့်ထုံးဥပဒေအမိန့် ၆နည်းဥပဒေ ၂ အရအဆိုလွှာပါအမှုသည်၏တောင်းဆိုချက်၊ ခုခံချေပချက်အတွက် အမှုသည်က အားကိုးအားထားပြုသောအရေးပါသည့်အကြောင်းအချက်များ တရားမကျင့်ထုံးဥပဒေအမိန့် ၇ နည်းဥပဒေ ၁(င) အရ တရားစွဲဆိုရန် အကြောင်းကို ဖြစ်မြောက်စေသည့်အကြောင်းခြင်းရာများ နှင့် တရားစွဲဆိုရန်အကြောင်း ဖော်ပြချက်များအရ အဆိုလွှာ၏အနှစ်သာရမှာ လူပုဂ္ဂိုလ်ကိုရည်ညွှန်းထားခြင်းမရှိဘဲ တရားလိုသည် New Blaze Co.,Ltd ဖြစ်ပြီး တရားပြိုင်သည် K.B International Co.,Ltd အဖြစ်ရည်ညွှန်းဖော်ထားခြင်းဖြစ်ကြောင်း သုံးသပ်တွေ့ရှိရသည်။

K.B International Co.Ltd သည် သက်သေခံ-၆ အရ ၇-၅-၁၉၉၈ နေ့ကတည်းက မှတ်ပုံတင်ထားသည့်ကုမ္ပဏီဖြစ်ပြီး ၆-၅-၂၀၁၀ နေ့အထိ သက်တမ်းတိုးထား ပြီးဖြစ်၍ဥပဒေ နှင့်အညီ ရပ်တည်နေသည့် တရားဝင်ကုမ္ပဏီတစ်ခုဖြစ်သည်။ သက်သေခံ-၆ အရ လယ်ယာကိုင်းကျွန်း နှင့် ဥယျာဉ်ခြံမြေကွက်ကုန်ပစ္စည်းများကို လုပ်ကိုင်ခွင့်ပြုထားကြောင်းတွေ့ရှိရသည်။ ၁၀-၁-၂၀၀၉ နေ့ပြုလုပ်သော ကုမ္ပဏီနှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးမှတ်တမ်း သက်သေခံ-ဂအရ ပြန်လည်ဖွဲ့စည်းသော ဒါရိုက်တာအဖွဲ့တွင်ဦးကျော်ဝင်းသည် မန်နေဂျင်းဒါရိုက်တာဖြစ်ပြီး ဦးကျော်စိုးမိုးသည် ဒါရိုက်တာဖြစ်ကြောင်းတွေ့ရှိရသည်။

၂၅-၆-၂၀၀၈ရက်စွဲပါသက်သေခံ-၁၊၃၀-၆-၂၀၀၈ ရက်စွဲပါ သက်သေခံ-၂ ၊ ၆-၈-၂၀၀၈ ရက်စွဲပါ သက်သေခံ-၃ ၊ ၆-၈-၂၀၀၈ ရက်စွဲပါသက်သေခံ-င ၊ကုန်ပစ္စည်းအရောင်းအဝယ်စာချုပ်-၃ တွင် ရောင်းသူ ဦးစံဂျေးကူးမားသည် New Blaze Co.,Ltd ကို ကိုယ်စားပြုပြီး ဦးကျော်စိုးမိုးသည် K.B International Co.,Ltd ကိုကိုယ်စားပြုလက်မှတ်ရေးထိုးခြင်းဖြစ်ကြောင်း အမှုတွင်ပေါ်ပေါက်သည်။ စာချုပ် ၃ စောင်ခြင်းစုစုပေါင်း တန်ဖိုးမှာကျပ်သိန်းပေါင်း ၂၂၂၂. ၅ ဖြစ်သည်။

၂၀၀၈ ခုနှစ်အောက်တိုဘာလကုန်ပိုင်းတွင် K.B International Co.,Ltd သည် ပဲဖိုးငွေများမပေးချေနိုင်သည့် အခြေအနေသို့ဆိုက်ရောက်သည့်အတွက် ပြဿနာများပေါ်ပေါက်လာသောကြောင့် တရားပြိုင်၏မြီရှင်အားလုံးအချိုးကျညီညီမျှမျှရရှိစေရန် ဥက္ကဋ္ဌအဖြစ်စီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးပါဝင်ပြီး ဦးစိုင်းဘဉာဏ်၊ ဦးခိုင်မြကျော်အပါအဝင် အဖွဲ့ဝင် ၆ ဦး ပါဝင်သော ပဲအရောင်းအဝယ် ကိစ္စများကြီးကြပ်ဖြေရှင်းရေးကော်မတီကို နိုင်ငံတော်မှ ဖွဲ့စည်းပေးခဲ့သည်။ ယင်းကော်မတီသည် တရားပြိုင်ကုမ္ပဏီထံမှရရန်ရှိသည့် မြီရှင်များအားလုံး နှင့် ကြွေးမြီစာရင်းများကို တရားပြိုင်ကုမ္ပဏီပိုင်ဆိုင်သည့် ပဲ၊ ငွေကြေး၊ ရွှေ့ပြောင်းနိုင်သောမရွှေ့မပြောင်းနိုင်သောပစ္စည်းများစာရင်း

ကောက်ယူပြီးနောက် တရားလိုအား ၂၄-၁-၂၀၀၉ နေ့တွင် ပထမအဆင့်ပဲလက်ကျန်များဖြင့်လည်းကောင်း၊ ၁၂-၃-၂၀၀၉ နေ့တွင် ဒုတိယအဆင့်ဘဏ်လက်ကျန်ငွေ နှင့် ငွေသားလက်ကျန်ငွေဖြင့်လည်းကောင်း ၂၃-၅-၂၀၀၉ နေ့တွင် တတိယအဆင့်ပိုင်ဆိုင်သည့်ပစ္စည်းများဖြင့် ခွဲဝေပေးခဲ့ပြီးဖြစ်သည်။ ထိုသို့အဆင့် ၃ ဆင့်ဖြင့် ခွဲဝေပေးရာ ၂၃-၅-၂၀၀၉ ရက်စွဲပါ တတိယအဆင့်သဘောတူညီချက် သက်သေခံ-က အရ တရားလိုသည် ရရန်ရှိသောငွေကျပ်သိန်းပေါင်း ၂၂၂၂.၅ အနက် ပထမအဆင့်တွင် ကျပ်သိန်း ၃၅၆.၂၂၊ ဒုတိယအဆင့်တွင်ကျပ်သိန်း ၃၃.၆၃၊ ပိုင်ဆိုင်မှုများမှ ကျပ်သိန်း ၁၀၁.၃၁ ရရှိခဲ့သည်။ စုစုပေါင်းရရှိငွေမှာကျပ်သိန်း ၄၉၁.၁၆ ဖြစ်၍ ရရန် ကျန်ငွေမှာ ၁၇၃၁.၃၄ ဖြစ်ကြောင်း ပေါ်ပေါက်သည်။သက်သေခံ-က သဘောတူညီချက်ပါ ဖော်ပြချက် အရပေးရန်ရှိသူသည် ဦးကျော်ဝင်း K.B International Co.,Ltd ဟု ဖော်ပြကာ ဦးကျော်ဝင်းက လက်မှတ်ရေးထိုးထားကြောင်း တွေ့ရှိရသည်။

ဆိုလွှာအပိုဒ် ၃ ပါ အဆိုပြုဖော်ပြချက် ၊ တရားလိုဦးစံဂျေးကူးမား ၊ ပဲအရောင်းအဝယ်ကိစ္စများကြီးကြပ်ဖြေရှင်းရေးကော်မတီအဖွဲ့ဝင် တရားလိုပြသက်သေ ဦးစိုင်းဘဉာဏ် ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးဦးခိုင်မြကျော်တို့၏ထွက်ဆိုချက်များအရပဲ အရောင်းအဝယ်ကိစ္စများကြီးကြပ်ဖြေရှင်းရေး ကော်မတီသည်လူပုဂ္ဂိုလ်အရ အရောင်းအဝယ်ပြုသည့်ကိစ္စကိုဖြေရှင်းခြင်းမဟုတ်ဘဲ K.B International Co.Ltd နှင့် New Blaze Co.,Ltd တို့၏ ပဲအရောင်းအဝယ်ကိစ္စကို ဖြေရှင်းပေးခြင်းဖြစ်သည်။ K.B International Co.,Ltd ထံမှရရန်ရှိသူ ၄၄ ဦးအား အဆိုပါကုမ္ပဏီပိုင်ပဲမျိုးစုံရွှေ့ပြောင်းနိုင်သော မရွှေ့မပြောင်းနိုင်သောပစ္စည်း၊ နိုင်ငံခြားငွေမြန်မာငွေများဖြင့် အဆင့် ၃ ဆင့်ခွဲပေးခဲ့ခြင်းဖြစ်သည်။

ဦးစံဂျေးကူးမားသည် သက်သေခံ-က အရ အဆင့် ၃ ဆင့် ခွဲဝေပေးပြီးနောက် ရရန်ကျန်ရှိသည့် ငွေအတွက် ယခုအမှုကို စွဲဆိုခြင်းဖြစ်သည်။ အဆိုလွှာအပိုဒ် ၁၃ ပါ တရားစွဲဆိုရန်အကြောင်းကို ဖြစ်မြောက်စေသည့် အကြောင်းခြင်းရာများ နှင့် သက်သေခံ ၁၂၃ ပဲအရောင်းအဝယ်စာချုပ်များ ၊ ပဲအရောင်းအဝယ်ကိစ္စများ ကြီးကြပ်ဖြေရှင်းကော်မတီ၏ ဆောင်ရွက်ပေးချက်များအရ K.B International Co.,Ltd က ပေးရန်ရှိသောပဲဘိုးငွေကြေးသာဖြစ်ကြောင်းပေါ်ပေါက်သည်။ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂(၂) အရ ကုမ္ပဏီဆိုသည်မှာ ယခုအက်ဥပဒေအရ ဖွဲ့စည်းတည်ထောင်၍ မှတ်ပုံတင်စာရင်း တင်သွင်းသည့် ကုမ္ပဏီ သို့မဟုတ် ရှိရင်းကုမ္ပဏီကိုဆိုလိုသည်။ ဦးကျော်ဝင်းသည် K.B International Co.,Ltd ၏ အုပ်ချုပ်မှုဒါရိုက်တာဖြစ်သည့်အတွက် တရားမကျင့်ထုံးဥပဒေအမိန့် ၂၉ နည်းဥပဒေ ၁ အရ ပုဂ္ဂိုလ်အနေဖြင့် ဆောင်ရွက်ခွင့်ရှိသော K.B International Co.,Ltd အတွက် အဆိုအချေ တစ်ရပ်ရပ်ကို လက်မှတ်ရေးထိုးခြင်းမှန်ကန်ကြောင်း ဝန်ခံခြင်းတို့ကို ပြုနိုင်သူဖြစ်သည်။ သို့ဖြစ်၍ သက်သေခံ-က တွင် ပေးရန်ရှိသူ ဦးကျော်ဝင်းဟု ရေးသားလက်မှတ်ရေးထိုးခြင်းသည် အမှုတွင် ပေါ်ပေါက်သော သက်သေခံချက်များအရ K.B International Co.,Ltd အတွက် လက်မှတ်ရေးထိုး ခြင်းပင်ဖြစ်သည်ဟု မှတ်ယူရန်ဖြစ်သည်။

သက်သေခံ-က ပါ ရရန်ကျန်ရှိသောငွေအတွက် ဦးကျော်ဝင်း နှင့် ဦးကျော်စိုးမိုးတို့ကို တရားပြိုင်အဖြစ် ထားရှိပြီး ယခုအမှုကို စွဲဆိုခြင်းဖြစ်သည်။ ဦးကျော်စိုးမိုးအပေါ် စွဲဆိုသည့်အမှုကို ခြွင်းချက်မရှိရုပ်သိမ်းပြီးဖြစ်သည်။

ကာလစည်းကမ်းသတ်ဥပဒေပုဒ်မ ၂(၄) အရ တရားပြိုင်ဆိုသည်မှာ တရားစွဲဆိုခြင်းခံရသည့်တာဝန်ကို တရားပြိုင်အား တိုက်ရိုက်သော်လည်းကောင်း၊တစ်ဆင့်သော်လည်းကောင်း သက်ဆင်းစေ

သောသူပါဝင်သည်။ K.B International Co.,Ltd က ပေးရန်တာဝန်ရှိသည့် ငွေကြေးအတွက် ယင်းကုမ္ပဏီကို တရားပြိုင်အဖြစ် စွဲဆိုခြင်းမပြုဘဲ ဦးကျော်ဝင်းအပေါ်တွင် စွဲဆိုခြင်းဖြစ်သည်။ ယင်းငွေကို K.B International Co.,Ltd အနေ နှင့် ပေးရန်တာဝန်ရှိသည်မှာ မှန်သော်လည်း တရားစွဲဆိုခြင်းခံရမည့်တာဝန်သည် ဦးကျော်ဝင်းအပေါ် သက်ဆင်းခြင်းမရှိပေ။ ယင်းငွေကို ဦးကျော်ဝင်းအပေါ် တောင်းဆိုရန်အတွက် တရားစွဲဆိုရန်အကြောင်းကိုဖြစ်မြောက်စေသည့် အကြောင်းရှိသည်ဟုဆိုနိုင်မည် မဟုတ်ပေ။

သို့ဖြစ်၍ အယူခံတရားလို တောင်းဆိုသည့်အတိုင်း အယူခံတရားလိုရရန်ရှိသည့်မတ်ပဲဖိုးငွေ ၁၇၃၀. ၃၄ သိန်းကို အယူခံတရားပြိုင် ဦးကျော်ဝင်းက ပေးစေရန်အတွက် ဒီကရီချမှတ်ပေးနိုင်မည် မဟုတ်ပေ။

ထို့ကြောင့် ဤအယူခံမှုကို စရိတ် နှင့် တကွ ပလပ်လိုက်သည်။

ရှေ့နေစရိတ်ကျပ် ၃၀၀၀၀ သတ်မှတ်သည်။

( မြင့်အောင် )
တရားသူကြီး